# News Letter (Sept and Oct) in 2019

## STIMU မှ မွန်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက်လှူဒါန်းခြင်း



STI Myanmar University သည် ယနေ့ မြန်မာပညာရေးလောကတွင် နိုင်ငံတကာအဆင့်မီ ပညာသင်ကြားရာနေရာတစ်ခုအဖြစ် ရပ်တည်နေသကဲ့သို့ လူမှုရေးလုပ်ငန်းများတွင်လည်း တစ်ထောင့်တနေရာမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေသော အဆင့်မီတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် တက္ကသိုလ်၏ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ အပါအဝင် ကျောင်းသူ/သားများကိုပါ အများအတွက် စုပေါင်းဆောင်ရွက်သောအလေ့အထကို မျိုးစေ့ချပေးခြင်းဖြစ်ပါသည်။ ယခုအခါတွင်လည်း နိုင်ငံ၏ အရေးကြီးလိုအပ်ချက်တစ်ရပ်ကို ပါဝင်ဖြည့်ဆည်းသည့် အနေဖြင့် မွန်ပြည်နယ်ရေဘေးသင့်ပြည်သူများကို စုပေါင်းကူညီကြရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ခုနှစ် စက်တင်ဘာ (၂)ရက်နေ့တွင်STI Myanmar University သည် STI Student Council မှ ဦးဆောင်ပြီး STI မိသားစုအလှူငွေအဖြစ် ငွေကျပ် တစ်ဆယ့်တစ်သိန်းသုံးသောင်းလေးထောင် (၁၁၃၄၀၀၀) ကျပ်တိတိကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ရန်ကုန်ဌာနခွဲတွင် သွားရောက် လှူဒါန်းခဲ့ကြောင်း သိရှိပါသည်။

## ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် STI Myanmar University BEng(Hons) နှင့် BA(Hons) ကျောင်းသား ကျောင်းသူများ၏ မောင်မယ်သစ်လွင် ကြိုဆိုပွဲ ကျင်းပခြင်း

STI Myanmar University မန္တလေး Campus တွင် University of Bedfordshire မှ တိုက်ရိုက်ချီးမြှင့်မည့် BA ( Hons) Business Administration / Accounting နှင့် BEng ( Hons) Engineering ဘွဲ့သင်တန်းများ၏ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် တက်ရောက်နေကြသည့် လန်းဆန်း တက်ကြွနေသော ကျောင်းသား၊ ကျောင်းသူ ကလေးများ၏ "မောင်မယ်သစ်လွင်ကြိုဆိုပွဲ" ကို ၂၀၁၉ခုနှစ် စက်တင်ဘာ(၆) ရက်နေ့ ( သောကြာနေ့ ) မနက် (၉) နာရီမှ ညနေ (၃) နာရီအထိ အမှတ် (၆၇) ၊ သိပ္ပံလမ်းနှင့် သဇင်လမ်းကြား ၊ ချမ်းမြသာစည်မြို့နယ် ၊ မန္တလေးမြို့ရှိ STI Myanmar University Campus တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။




ထိုအခမ်းအနားသို့ STI Myanmar University ၏ တာဝန်ရှိသူများ က တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြပြီး STI Myanmar University ၏ Executive Director ဒေါက်တာချိုမာလွင်မှ အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။ Mandalay STIMU Student Council ၏ President မောင်ရှိန်ရှိန်အောင်မှ Fresher Welcome ပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ခဲ့ပြီး STI Myanmar University ကျောင်းသား၊ ကျောင်းသူများ မှ အကအလှများဖြင့် ဖျော်ဖြေခဲ့ကာ မေဂျာအလိုက် " Kings & Queen" "Mr. Smart & Ms. Innocent" များရွေးချယ်ရာတွင် King အဖြစ် Engineering မေဂျာမှ မောင် စိုင်းထင်အောင်ကျော် နှင့် Queen အဖြစ် Business မေဂျာမှ မနန့်မွှေးနန်းဆိုင် တို့ကလည်းကောင်း၊ Mr. Smart အဖြစ် Business မေဂျာမှ မောင်ကျော်ဇောဟန် နှင့် Ms. Innocent အဖြစ် Business မေဂျာမှ မသီရိ တို့ကလည်းကောင်း အသီးသီး ရရှိခဲ့ပါသည်။





ထိုအခမ်းအနားတွင် STI ကျောင်းသား ကျောင်းသူများက တေးသီချင်းများ သီဆိုခြင်း အကများနှင့် ဖျော်ဖြေခြင်း ၊ ဂိမ်းကစားခြင် များအပြင် ကျောင်းသား/သူများ ကိုယ်တိုင်ရေးသားဖန်တီးထားသော "မင်းဘယ်သူလဲ ငါဘယ်သူလဲ" ပြဇာတ်ဖြင့်တင်ဆက်ပြသခဲ့ပြီး အမှတ်တရ ဓါတ်ပုံရိုက်ခြင်း ၊ အရသာရှိသော စာကောင်းသောက်ဖွယ်များဖြင့် ဧည့်ခံခြင်း တို့ဖြင့် ပျော်ရွှင်စွာဆင်နွှဲခဲ့ကြောင်း သိရှိရပါသည်။

## Critical Appraisal (Foundation) Workshop ကျင်းပခြင်း



၂၀၁၉ခုနှစ် စက်တင်ဘာ (၇) ရက်နေ့နှင့် (၈ ) ရက်နေ့ များတွင် မနက် (၉) နာရီမှ (၅) နာရီအထိ MICT park အတွင်းရှိ STI Myanmar University Campus တွင် " Critical Appraisal " Workshopကို ကျင်းပခဲ့ပါသည်။ ယင်းသင်တန်းတွင် တွဲဖက်ပါမောက္ခ ဒေါက်တာ ဦးဝင်းခိုင်မှ ဆန်းစစ်အကဲဖြတ် သုံးသပ်နည်း ပညာတစ်ခုဖြစ်သော " Critical Appraisal" အကြောင်းကို အသေးစိတ် သင်ကြား ပြောကြားခဲ့ပါသည်။ Critical Appraisal သည် ကမ္ဘာပေါ်ရှိ သုတေသန စာတမ်းများထဲ မှ အကောင်းဆုံးနှင့် အဆင့်အမီဆုံးစာတမ်းကို ခွဲခြားရှာဖွေတတ်စေရန်၊ Evidence Base Medicine (EBM) ကို နားလည်တတ်ကျွမ်းစေရန် လိုအပ်သော အခြေခံသင်တန်း တစ်ခုဖြစ်ပြီး တက်ရောက်လာသူ များမှ သိလိုသည်များကို ဆရာနှင့် အပြန်အလှန်ဆွေးနွေးခဲ့ ကြပါသည်။ ထို နှစ်ရက်တာ ကာလ သင်တန်းအတွင်း Online Calculation များ၊ Hand On Exercises များနှင့် လေ့ကျင့် သင်ကြားပေးခဲ့၍ အကျိုးရှိသော workshop တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

## STI Myanmar University တွင် Industry Seminar များကျင်းပခြင်း

STI Myanmar University သည် မိတ်ဖက်တက္ကသိုလ်ဖြစ်သော အင်္ဂလန်နိုင်ငံ University of Bedfordshire ( UK) နှင့် ပူးပေါင်း၍ နိုင်ငံတကာအဆင့်မီဘွဲ့ကြို ၊ ဘွဲ့လွန်ဘာသာရပ်များကို သင်ကြားပို့ချလျက်ရှိရာ ကျောင်းသား/သူများ အတွက် အသိပညာဗဟုသုတများရရှိစေရန် သဘာဝပတ်ဝန်းကျင်န င့်ပတ်သက်သည့် စိတ်ဝင်စားစရာကောင်းသော Industry Seminar များကို ၂၀၁၉ခုနှစ်စက်တင်ဘာလ (၁၆)ရက်နေ့ လှိုင်မြို့နယ် MICT park အတွင်းရှိ STI Myanmar University ၊ အခန်းနံပါတ် (၂၁၁) တွင် ကျင်းပခဲ့ပါသည်။






နံနက် (၉)နာရီမှ (၁၁)နာရီအထိ တွင် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ အထွေထွေ အတွင်းရေးမှူး ဦးစိုးပြည့်အောင် (Fed.MES) မှ "Concepts of Natural Disaster and Environmental Management" ခေါင်းစဉ်ဖြင့် သဘာဝဘေးအန္တရာယ်အကြောင်းများ ၊ သဘာဝဘေးအန္တရာယ်ကို လျော့ချနိုင်မည့် နည်းစနစ်များ နှင့် ရှောင်ရှားနိုင်မည့် နည်းလမ်းများ အပြင် အခြေခံ မီးသတ်နည်း များ အကြောင်း ရှင်းလင်းပြောကြားခဲ့ ပြီး အရေး ပေါ်မီးငြိမ်းသတ်ခြင်း နှင့် ပတ်သက်ပြီး လက်တွေ့ သရုပ်ပြ သင်တန်း ပေးခဲ့ပါသည်။




ဆက်လက်၍ နေ့လည် ( ၁၁) နာရီမှ (၁)နာရီ အထိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ Vice President ဦးခင်မောင်ဌေး မှ" Introduction to Water Supply and Sanitation for Buildings" နှင့် "Introduction to Water and Wastewater Engineering" ခေါင်းစဉ်များဖြင့် ရေသန့်စင်နည်းများ ၊ နိုင်ငံတ စ်နိုင်ငံရှိ လူဦးရေနှင့်ပတ်သက်ပြီး လိုအပ်သော ရေပမာဏ ၊ သဘာဝဘေးအန္တရာယ်များနှင့်ရင်ဆိုင်ကြုံတွေ့စဉ် ရေထိန်းသိမ်းနည်းများ ၊ ရေဆိုး များကို သန့်စင်ပြီး ပြန်အသုံးချပုံများ နှင့် နိုင်ငံတကာ Standard code များ ၊ ရေဖြန့်ဝေမှုနှင့် ရေသ န့် စက်များ၏ အလုပ်လုပ်ပုံများကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာ သော ကျောင်းသား/သူများမှ သိလို သည်များကို ဆရာများနှင့်အပြန်အလှန်မေးမြန်းခဲ့ကြကြောင်း ၊ အကျိုးရှိသော Seminar များဖြစ်ကြောင်း သိရှိရပါသည်။

## China-ASEAN Vocational Education Exhibition and Forum 2019 သို့ STIMU မှ တက်ရောက်ခြင်း




တရုတ်နိုင်ငံ နန်နင်းမြို့တွင်တရုတ်အစိုးရ ပညာရေးဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် “2019 China- ASEAN Vocational Education Exhibition and Forum” ကို ၂၀၁၉ ခုနှစ် စ က်တင်ဘာ ( ၁၈) ရ က်နေ့မှ (၂၁) ရက်နေ့အထိ Guangxi ဒေသတွင် ကျင်းပခဲ့ရာ ဒေသဆိုင်ရာ တ ရုတ်အစိုးရပညာရေးဝန်ကြီးဌာနမှ ဖိတ်ကြား ချက်အရ STI Myanmar University လည်းတက်ရောက်ခဲ့ပါသည်။ Forumသို့ တရုတ်နိုင်ငံန ှင့် အာဆီယံနိုင်ငံများ မှ ဝန်ကြီးများ ၊ သံတမန်များ နှင့် ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက တက္ကသိုလ်များနှင့် ကောလိပ်များမှ ပညာရေး ဆိုင်ရာ ကျွမ်းကျင်ပညာ ရှင်များ၊ ပညာရေးဆိုင်ရာ အဖွဲ့အစည်း များမှ ထိပ်တန်းအရာရှိများ ၊ တက္ကသိုလ် ပေါင်း(၃၃၀)ကျော်မှ တက်ရောက်သူ ပေါင်း း (၇၅၀)ခန့်ရှိပြီး ယခုနှစ်သည် (၁၆) ကြိမ်မြောက် ပြုလုပ်ခြင်းဖြစ်ပါသည်။





ယင်း Forum သည် တရုတ်နှင့် အာဆီယံနိုင်ငံများအကြား " Belt & Road " Initiative ကိုရှေးရှု၍ အသက်မွေးပညာရပ်များတွင် ပူးပေါင်း ဆောင်ရွက်နိုင်ရန် ၊ အပြန်အလှန်ကူညီနိုင်ရန်၊ အာဆီယံ နိုင်ငံများ ၏ သင်ကြားမှုပိုင်းဆိုင်ရာနည်းဗျူ ဟာများကို လေ့လာနိုင်ရန်၊ ဗဟုသုတများဖလှယ်နိုင်ရန် ရည်ရွယ်ကျင်း ပခြင်းဖြစ်ပြီး စက်တင်ဘာ (၁၉)ရက်နေ့တွင် ယင်း Conference ၏ One- Hundred College Cooperation Promotion Fair တွင် တက်ရောက်လာသော တက္ကသိုလ်အသီးသီးမှ တင်ပြဆွေးနွေးကြရာ STI Myanmar University ၏ President ဒေါ်ခင်အေးဝင်းမှ မြန်မာနိုင်ငံ၏ စီးပွားရေး နှင့် ပညာရေးအကြောင်းများ၊ STI Myanmar University တွင် သင်ကြားပို့ချနေသော ဘွဲ့ကြို ဘွဲ့လွန် Program များအကြောင်းကို ပါဝင်ဆွေးနွေးတင်ပြခဲ့ပါသည်။ ယင်း Forum သို့ STI Myanmar University ၏ Board of Director များ၊၊ Business Faculty မှ Lecturer ဆရာမများ ဂုဏ်ယူစွာဖြင့် တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

<u>STI Myanmar University ၏ ဆီမီး (၃၀၀၀) ပူဇော်ပွဲ</u>




မြန်မာတို့၏ (၁၂)လရာသီပွဲများထဲတွင် သတ္တမမြောက်လတစ်ခုဖြစ်ပြီး ဝါတွင်းကာ လ၏ နောက်ဆုံးလဖြစ်သည့် သီတင်းကျွတ်အခါသမယသို့မကြာခင်ကျရောက်တော့မည်ဖြစ်ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သတ္တမြောက် မြောက်ဝါကို တာဝတိ ံသာနတ်ပြည်၌ ဝါကပ်တော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားကို အမှူးပြု၍ စကြာဝဠာ နေရာအနှံ ့မှ နတ်ပြဟ္မာ အပေါင်းအား အ ဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူခဲ့ ပြီး လူ့ပြည်သို့ ပြန်လည်ကြွမြန်းချိန် ပန်း၊ဆီမီးတို့ဖြင့် ပူဇော်လေ့ရှိသော မြန်မာ့ထုံးတမ်းအစဉ်အ လာအတိုင် လာအတိုင်း သီတင်းကျွတ်ပွဲတော်ကို မကြာမီ ဆင်နွှဲ ကြတော့ မည်ဖြစ်သည်။ STI Myanmar University သည်လည်း အ ခါကြီးရက်ကြီးဖြစ်သော သီတင်းကျွတ်အ ခါသမယကို ကြိုဆိုသောအားဖြင့် နှစ်စဉ်နှစ်တိုင်း ပြုလုပ်လေ့ရှိသောအစဉ်အလာအတိုင်း ၂၀၁၉ခုနှစ် စက်တင်ဘာလ (၂၂) ရက်နေ့ ညနေငါးနာရီမှ ရှစ်နာရီအထိ ရွှေတိဂုံစေတီတော် တနင်္ဂနွေထောင့် ရင် ပြင်ပေါ်တွင် ဆီမီး (၃၀၀၀) ပူဇော်ပွဲကို ကျင်းပခဲ့ပါသည်။ ထိုပွဲသို့ STI Myanmar University ၏ Managing Director ဒေါ်ခင်အေးဝင်း၊ Executive Director

ဒေါက်တာ မျိုးမျိုးနိုင်၊ STI Myanamr University မှ ဆရာ ၊ဆရာမများ ၊ ကျောင်း သူ ကျောင်းသား များနှင့် ဝန်ထမ်း များ က နမောတဿ သုံးကြိမ်ရွတ်ဆို ပူဇော်ပြီး ပဌာန်းတရား တော်များ ရွတ်ဖတ်၍ ကိုယ်တိုင်ကိုယ်ကျ ဆီမီးပူဇော်ပြီး ကုသိုလ်ပါဝင်ယူ ခဲ့ကြောင်း သိရှိရပါသည်။





## STI Myanmar University ၏ "Lighting Festival 2019"ကိုကျင်းပခြင်း

STI Myanmar University ၏ သီတင်းကျွတ်မီးထွန်းပွဲတော် ( Lighting Festival -2019) ကို ၂၀၁၉ခုနှစ် စက်တင်ဘာလ (၂၃)ရက်နေ့ ညနေ ( ၄) နာရီမှ ( ၁၀)နာရီအထိ STIMU ရှိရာ လှိုင်မြို့နယ် MICTpark ဂန်းအတွင်း တွင် ကျင်းပခဲ့ပါသည်။ ထိုပွဲတွင် အခမ်းအနားစတင်ဖွင့်လှစ်ကြောင်းကြေငြာပြီးသည်နှင့် STI Myanmar University ၏ President ဒေါ်ခင်အေးဟင်းမှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး Student Council Vice President ဂျွန်မှ Lighting Festival နှင့် ပတ်သက်ပြီးကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျင်းပရခြင်း ရည်ရွယ်ချက်ကိုပြောကြားခဲ့ ပါသည်။












ထို့နောက် မန္တလေး STI Student Council အဖွဲ့မှ “မိုးခါးရေ” သီချင်းဖြင့် စတ စတင်ဖျော်ဖြေခဲ့ပြီး ၊ လူငယ်တေးသံရှင်များဖြစ်ကြသော Bunny Phyoe , X-Box , Floke Rose, Yung Hugo, D-Vision တို့က တေးသီချင်းများသီဆိုဖျော်ဖြခဲ့ ကြပြီး ၊ STI ကျောင်းသား / သူ များကလည်း အကအအ အကအလှများဖြင့် ဖျော်ဖြေခြင်း ၊ တေးသီချင်းများဖျော်ဖြေခြင်း ၊ သက်ဆိုင်ရာ မေဂျာ ကျောင်းသား/ သူမှ အအေးနှင့် မုန့်များ ရောင်း ချခြင်း ၊ သီတင်းကျွတ်အငွေ့အသက်ကို ခံစားနိုင်စေရန် လှ ပစွာပြင်ဆင်ထား သော မီးပုန်းများ ၊ မီးပန်းများ ၊ photo booth များ တွင်ဓါတ်ပုံများ ရိုက်ခြင်းတို့ဖြင့်အခမ်းအနားကို ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြပါသည် ။

## STIMU Civil Engineering Group Project Final Presentation




STI Myanmar University နှင့် University of Bedfordshire (UK) တို့ ပူးပေါင်းဖွင့်လှစ်သော BEng (Hons) Second Year Second Semester Civil ဘွဲ့သင်တန်း တက်ရောက်လျှက်ရှိသော Civil Engineering ကျောင်းသား၊ ကျောင်းသူများ ၏ Group Project Final Presentation ကို ၂၀၁၉ခုနှစ် အောက်တိုဘာ (၂) ရက်နေ့ မနက် (၉)နာရီမှ ညနေ (၃)နာရီအထိ လှိုင်မြို့နယ် MICTPark အတွင်းရှိ STI Myanmar University တွင်ပြုလုပ်ခဲ့ပါသည်။

ယင်း Project ကျောင်းသား/သူများသည် သက်ဆိုင်ရာ Site များသို့သွားရောက်၍ အတိုင်းအတာများ တိုင်းတာခြင်း ၊ လက်တွေ့ကွင်းဆင်းလေ့လာခြင်း ၊ Structural Analysis and design များပြုလုပ်ခြင်း ၊ လမ်းများနှင့် အဆောက်အဦးများတွင် Construction Management များပြုလုပ်ခြင်း ၊ ရထားလမ်းများနှင့် ပတ်သက်၍ သုံးသပ်လေ့လာခြင်းစသည်တို့ဖြင့် Project များပြုလုပ်၍ Power Point များဖြင့် အဖွဲ့လိုက်အစီရင်ခံတင်ပြခဲ့ကြပါသည်။

ထိုတင်ပြမှုတွင် အကဲဖြတ်စစ်ဆေး အမှတ်ပေးသူ Jury များ အဖြစ် ဒေါ်ချိုချို ( Consultant Motherland Construction Group) ၊ STI Myanmar University ၏ Engineering ဌာနမှူး

ဆရာကြီးဦးသိန်းတန် နှင့် Senior Lecturer ဦးမျိုးမင်းလှိုင်တို့မှ ကျောင်းသား/သူများ၏ Project Presentation များအပေါ် အကြံပြုဆွေးနွေးကာ အကဲဖြတ်အမှတ်ပေးခဲ့ကြကြောင်း သိရှိရပါသည်။

## BA (Hons) Business Administration Final Year Induction ပြုလုပ်ခြင်း



STI Myanmar University သည် University of Bedfordshire နှင့် ချိတ်ဆက်၍ သင်ကြားနိုင်သော စီးပွားရေး ဂုဏ်ထူးတန်း ဘွဲ့သင်တန်းများ၏ နောက်ဆုံးနှစ်ကို တက်ရောက်ကြမည့် ကျောင်းသား/သူများအား Programနှင့် ပတ်သက်၍ သိရှိသင့်သော အချက်များကို ရှင်းလင်း ပြော ကြားသည့် Induction ပွဲကို ၂၀၁၉ခုနှစ် အောက်တိုဘာလ (၄)ရက်နေ့ မနက် (၉)နာရီမှ (၁၁)နာရီ အထိ လှိုင်မြို့နယ် MICT Park အတွင်းရှိ STI Myanmar University တွင်ကျင်းပခဲ့ပါသည်

ယင်းအခမ်းအနားတွင် STI Myanmar University တွင် Final Year Business Administration ကို တက်ရောက်မည့် ကျောင်းသား/သူများနှင့် မိဘများကို သက်ဆိုင်ရာ ဆရာ/ဆရာမများမှ မိတ်ဆက် ရှင်းလင်းပြောကြားရာတွင် Faculty of Business Administration မှ Assistant Professor ဒေါ်စန္ဒာဦး နှင့် Course Coordinator Lecturer ဒေါ်မြတ်နိုးလွင်မှ Final Year Course နှင့် ပတ်သက်ပြီး

သိသင့်သောအကြောင်းအရာများ၊ Bedfordshire Online Management System ( BREO) ပါဝင်မည့် အကြောင်းအရာများ၊ ၊ UOB ဘက်တွင် ပါဝင်မည့် အကြောင်းအရာများ၊ အမှတ်ပေးစည်းမျဉ်းများ ၊ လိုက်နာရမည့် စည်းကမ်းများ အကြောင်းကို ပြောကြားခဲ့ပြီး တက်ရောက်လာသော မိဘများနှင့် ကျောင်းသား/သူများမှလည်း သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။ ယခု တက်ရောက်နေသော နောက်ဆုံးနှစ် အတန်းကို ပြီးမြောက်အောင်မြင်သူများသည် အင်္ဂလန်နိုင်ငံရှိ University of Bedfordshire (UK) မှ တိုက်ရိုက်ချီးမြှင့်မည့် BA(Hons) ဘွဲ့များကို ၂၀၂၀ခု ဖွန်လတွင် ပြီးမြောက်အောင်မြင်မည်ဖြစ်သည်။ ယနေ့အထိ STI Myanmar University မှ BA(Hons) Business Administration ဘွဲ့ရရှိပြီးသူပေါင်း နှစ်ရာကျော်မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

## University of Bedfordshire (UK) မှ BA (Hons) Accounting Program ၏ link Coordinator Dr.Vikram Finavaker STIMU သို့လာရောက်ခြင်း




၂၀၁၉ခုနှစ် အောက်တိုဘာ(၃)ရက်နေ့နှင့် (၄) ရက်နေ့များတွင် University of Bedfordshire (UK) မှ Link Coordinator Dr.Vikram Finavaker သည် ရန်ကုန်မြို့ လှိုင်မြို့နယ် MICT park အတွင်းရှိ STI Myanmar University သို့ လာရောက်ခဲ့ပါသည်။ အောက်တိုဘာ (၃) ရက်နေ့မနက်ပိုင်းတွင် STI ၏ Board of Director များ နှင့် အစည်းအဝေးပြုလုပ်ခဲ့ပြီး ၊ BA(Hons) Accounting ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံကာ လက်တလော အလုပ်လုပ်ကိုင်မှုများ၊ နှင့် ကျောင်းသားများ၏ လုပ်ငန်းခွင်အတွေ့အကြုံများအကြောင်း မေးမြန်းဆွေးနွေးခဲ့ပါသည်။ နေ့လည်ပိုင်းတွင်

STIMU ၏ BA(Hons) Accounting Course Coordinator ဒေါ်ခင်ရီရီစန်းနှင့်အတူ Final Year တက်ရောက်နေသော ့ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ Exam Assignment နှင့် ပတ်သက်သော အကြောင်းအရာများ ဆွေးနွေး ခြင်း ၊ Class Observation ပြုလုပ်ခြင်းတို့ အပြင် ကျောင်းတက်နေစဉ် ကြုံတွေ့ရသော အတွေ့အကြုံများနှင့် အခက်အခဲများကို မေးမြန်းဆွေးနွေးခဲ့ပြီး စာသင်ကြားမှုပိုင်းမှာ ပိုမိုတိုးတက်ကောင်းမွန်စေရန်အ ကြံဉာဏ်များလည်း ပေးခဲ့ပါသည်

အောက်တိုဘာ (၄) ရက်နေ့ နေ့လည်ပိုင်းတွင် STIMU၏ Faculty of Business Coordinator များ၊ ဆရာ/ဆရာမ များ နှင့် တွေ့ဆုံ၍ Training Session for BERO ကိုပြုလုပ်ခဲ့ပြီး ညနေပိုင်းတွင် " How to write good academic writing /research" Session ကိုပြုလုပ်ခဲ့ကာ Final Year BA (Hons) Accounting တွင် သင်ကြားနေသော ဆရာ/ဆရာမများနှင့် လည်းတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

## STIMU ၏ Intrnship Induction Ceremony ကျင်းပခြင်း








STI Myanmar University သည် University of Bedfordshire (UK) နှင့် ပူးပေါင်းဖွင့်လှစ်သော BEng (Hons)ဘွဲ့သင်တန်းများတွင် တက်ရောက်နေသည့် ကျောင်းသား/သူ (၅၄) ဦးအား ဆောက်လုပ်ရေး ကုမ္ပဏီကြီးများတွင် အလုပ်သင်ဂန်ထမ်းများအဖြစ် ဂင်ရောက်လုပ်ကိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့လုပ်ငန်းခွင် သို့ ဂင်ရောက်ရာတွင် သိနားလည်ရမည့် အချက်အလက်များနှင့်လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများရှင်း ပြပေးသ ည့် Internship Preparing Ceremony ကို ၂၀၁၉ခုနှစ် အောက်တိုဘာ (၁၈) ရက်နေ့ မနက် (၁၀ ) နာရီမှ (၁၂ )နာရီအထိလည်းကောင်း၊ "Internship Insurance Signing Ceremony " ကို နေ့လည် (၁) နာရီမှ (၃) နာရီအထိလည်းကောင်း MICTpark အတွင်းရှိ STI Myanmar University အခန်းနံပါတ် (၂၀၈) တွင် ပြုလုပ်ခဲ့ ပါသည်။

Internship Preparing Ceremony တွင် Faculty of Engineering မှ ဒေါက်တာဦးသိန်းတန် ( Dean of Faculty to Engineering STIMU ) ၊ ပရော်ဖက်ဆာ ဦးပါစီမျိုးမြင့် ( Head of Department of Architectural Engineering STIMU) ၊ ဦးမျိုးမင်းလှိုင် ( Head of Department of Civil Engineering STIMU) ၊ Lecturer ဆရာမဒေါ်ရည်မွန်အောင်မိုး ၊ Lecturer ဆရာမဒေါ်ယင်းမာကျော် တို့က Internship ဆင်းမည့် ကျောင်းသား/သူ များအား ဆောက်လုပ်ရေးကုမ္ပဏီကြီးများဖြစ်သည့် M.K.T Construction Company နှင့် Times City Project များ အကြောင်း နှင့် လုပ်ငန်းခွင်Site ထဲတွင် မေးသင့်သော မေးခွန်းများနှင့်ဆောင်ရန်ရှောင်ရန်များ ကို သေချာ ရှင်းလင်း ပြောပြခဲ့ပြီး ဆရာကြီး ဦးသိန်းတန်ကလည်း သူ၏ အတွေ့အကြုံများနှင့် လေ့ လာမှတ်သားသင့် သော အကြောင်းအရာများ၊ ဆရာကြီးဦးမျိုးမင်းလှိုင်ကလည်း Site ပြီးစီးသွားသည့် အချိန်အထိ ပညာလေ့လာသင်ယူ သင့်ပုံများအပြင် ဆရာမဒေါ်ရည်မွန်အောင်မိုးကလည်း Site ထဲတွင် ဘေးအန္တရာယ်ကင်းရှင း အောင် နေထိုင်သင့်ပုံများနှင့် ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများအပြင် Intenship နှင့် ပတ်သက်၍ ဖြည့်စွက်ရမည့်စာရွက်စာတမ်းများ အကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်၍ နေ့လည် (၁)နာရီမှ (၃)နာရီအထိ Internship Signing Ceremony ကိုကျင်းပခဲ့ပြီး IKBZ ၏ အာမခံမှ တာဝန်ရှိသူ ဝန်ထမ်း များက ကျောင်းသား/သူများအား insurance ၏ အရေးပါပုံ၊ ထားရှိရသည့် အကြောင်းရင်းများနှင့် သိရှိသင့်သည့် အကြောင်းများကို ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား/သူများက Insurance signing အတွက် လိုအပ်သော စာရွက်စာတမ်းများဖြည့်စွက်ပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ ကြောင်း သိရှိရပါသည်။

**၂၀၁၉ခုနှစ် အောက်တိုဘာ (၁၉) ရက်နေ့နှင့်(၂၀) ဆရာမဒေါ်ရည်မွန်အောင်မိုးဦးဆောင်၍ အင်ဂျင်နီယာဌာနမှ ဆရာ၊ဆရာမများမှ Civil နှင့် Archi မေဂျာမှ ကျောင်းသား ၊သူ (၅၄) ဦးအား M.K.T Construction Company နှင့် Times City Project သို့လည်းကောင်း သွားရောက်အပ်နှံခဲ့ သည့်ပုံရိပ်များ**






## Faculty of Business ၏ Internship Certificate Awarding Ceremony

STI Myanmar University နှင့် University of Bedfordshire (UK) တို့ပူးပေါင်းဖွင့်လှစ်သော BA(Hons) Business Administration နှင့် BA(Hons) Accounting ဘွဲ့သင်တန်းများ တွင် ပညာဆည်းပူး သင်ကြားနေသော ကျောင်းသား/ သူ (၁၇) ဦးသည် လုပ်ငန်းခွင်သို့ မဝင်ရောက်မီ သက်ဆိုင်ရာ ဘာသာရပ်များကို လုပ်ငန်းခွင်တွင်း လက်တွေ့ဆက်စပ်မှုရှိစေရန် ၊ ကျွမ်းကျင်တတ်မြောက်မှု ရှိ စေရန် ရည်ရွယ်၍ စီးပွားရေးလုပ်ငန်းများနှင့် ကုမ္ပဏီကြီး များတွင် အလုပ်သင်အဖြစ် တာဝန်ထမ်း ဆောင်စေခဲ့ပါသည်။













ယင်းကုမ္ပဏီကြီးများမှာ AYA Bank, Ever Flow River Group Companies , First National Insurance (General) Co.Ltd, Schenker Myanmar Co.Ltd တို့ဖြစ်ကြပြီး သုံးလ Internship Program အဖြစ် လုပ်ငန်းခွင်များသို့ လက်ခံသင်ကြားပေးခဲ့ကြပါသည်။ ထိုကဲ့သို့ Internship Program ကို ပြီးမြောက်အောင် ဝိုင်းဝန်းကူညီခဲ့ကြသော Company များကို ကျေးဇူးတင်စကားပြောခြင်းနှင့် စာတွေ့မှ လက်တွေ့သို့ သင်ယူခဲ့ကြသော ကျောင်းသား/သူ များကို Certificate များ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်အောက်တိုဘာလ (၂၂ )ရက်နေ့ တွင် MICT Park အတွင်းရှိ STIMU Campus ၊ အခန်း (၁၀၈) တွင် မနက် (၁၀)နာရီမှ (၁၂) နာရီအထိ ကျင်းပခဲ့ပါ သည်။ ထိုအခမ်းအနားတွင် STI Myanmar University ၏ Executive Director ဒေါက်တာမျိုးမျိုးနိုင်မှ အဖွင့် အမှာစကားပြောကြားခဲ့ပြီး AYA Bank မှ Assistant General Manager ဒေါ်နန္ဒာအေး ၊ Ever Flow River Group Companies မှ Chairman ဦးကျော်လွင်ဦး နှင့် First National Insurance (General) Co.Ltd မှ Senior General Manager ဒေါ်ခင်စောဝင်းတို့မှ Internship ဆင်းခဲ့သော STI ကျောင်းသား/သူများအား Certificate များ အသီးသီး ပေးအပ်ခဲ့ပါသည်။ ထို့နောက် STIMU ၏ Consultant ဆရာမကြီးဒေါ်လှကြူမှ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီ အမှတ်တရဓါတ်ပုံများ ရိုက်ကူးကာ အခမ်းအနား ကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ကြောင်း သိရှိရပါသည်။